# အခက်ခဲနှင့်အောင်ပွဲ

# TRAVELOGUE

ချစ်နိုင်(စိတ်ပညာ)



## စာရေးသူ၏ အမှာစာ

ချောက်ရေနံမြေ၏ အရှေ့တည့်တည့် ငါးမိုင်အကွာဆီမှာ ကျွန်တော်၏ မွေးရပ်ဇာတိ ကြီးနီရွာ တည်ရှိပါသည်။လွန်ခဲ့သော နှစ်ပေါင်း၆၀ခန့်က ကျွန်တော့်ကို မွေးဖွားခဲ့သည်။ ငယ်စဉ်က မြင်ရကြားရသော အခြေအနေများကို ပြန်လည်သတိရမိပါသေးသည်။
ကြီးနီရွာမှာပင်အလယ်တန်းပြကျောင်းဆရာဖြစ်သော အဖေသည် ရပ်ရေးရွာရေးများတွင်လည်း ဦးဆောင်ဦးစီး ရပ်ရွာလူကြီးဖြစ်ပါသည်။

အမေ၏ မောင်ကြီး ဦးလှမောင်သည် တိုက်နယ်သူကြီးဖြစ်ပါသည်။ သူလည်း ချောက်သို့မကြာခဏ သွားရတတ်ပါ၏ ။ သို့သော် ဦးကြီး(မိမိက ဦးဟု ခေါ်လေ့ရှိပါသည်)ကမူ ချောက်မှာ ဘာ မြင်ခဲ့ရသည်၊ ဘာ ကြားခဲ့ရသည်ဟု အိမ်သားများကို ဖြစ်စေ၊ ဆွေမျိုး၊ အိမ်နီးချင်းများကိုဖြစ်စေ၊ ပြန်လည်ပြီး ပြောပြလေ့ မရှိပေ။ အဖေကမူ ဦးလို မဟုတ်ချေ။ လစာထုတ်ရန် တစ်လတစ်ခေါက် ချောက်မြို့သို့ ရောက်လျှင်ဖြစ်စေ၊ ရေနံချောင်း၊ မကွေး၊ ပခုက္ကူ၊ မြင်းခြံ စသည်တို့ကို ရောက်ခဲ့ရလျှင်ဖြစ်စေ ဟိုမှာ လမ်းတွေက ဘယ်လို၊ လူတွေက ဘယ်သို့၊ အစားအသောက်က ချိုသည်၊ ချဉ်သည် စသည်ဖြင့် စိတ်ပျော်စရာကော စိတ်ညစ်စရာကော၊ ကြုံတွေ့သမျှ လုံးစေ့ပတ်စေ့၊ ပြန်လည်ပြောပြလေ့ ရှိလေသည်။ ကျွန်တော်နှင့် အစ်မ(မိခင်ကို ကျွန်တော်တို့က အစ်မဟု ခေါ်နေကျပါ) တို့မှအစ၊ ဆွေမျိုးသားချင်းများ၊ အိမ်နီးနားချင်းများ၊ အားလုံးတို့ သည် အဖေ ခရီးတစ်ခုက ပြန်လာပြီဆိုလျှင် စုဝေး ဝိုင်းအုံလာကာ အိမ်မှာရှိသော ခုံတန်းလျားနှင့် ကုလားထိုင်၊

ကွပ်ပျစ်တို့တွင် နေရာပြည့်အောင် လာရောက်နားထောင်ကြပါသည်။ အစ်မမှာ ရေနွေးအိုးကို မီးထိုး၍ မပြီးပါ။ လက်ဖက်အကြော်စုံကို မကြာခဏ ဖြည့်ထည့်ပေး၍ လက်မလည်နိုင်ရှာ။

မိသားစုနှင့် ဆွေမျိုးသားချင်းတို့အား ဗဟုသုတအမြင်ရှိစေချင်သော အဖေ၏ စေတနာကို ကျွန်တော် သဘောပေါက်ပါ၏ ။ အဖေသည် အလယ်တန်းကျောင်းမှာ အလယ်တန်းပြဆရာ လုပ်ရာ၌ လည်း ပထဝီဝင်ဘာသာကို စေတနာပါပါ သင်ပြတတ်သူဖြစ်၏ ။ ရပ်သူရွာသားများအား ဒေသန္တရ ဗဟုသုတ ရစေချင်သည့် အဖေသည် အဝေးမြို့ရွာ ဟိုမှာမြင်ရသမျှ တွေ့သမျှ မှတ်သားလာခဲ့။ မေးမြန်းစူးစမ်းလာခဲ့ ၏ ။ ဒီမှာ ပြန်လည်ပြောပြရင်ဖွင့်၏ ။ ရယ်စရာကို ရယ်စေ၏ ။ စိတ်ရှုပ်စရာကို ရှုပ်စေ၏ ။ လန့်စရာ ထိတ်စရာ ကို ထိတ်လန့်သွားရအောင် ခံစားချက် မျှဝေပေး၏ ။ စေတနာ၊ ပွင့်လင်းရိုးသားမှုနှင့် လေ့လာမှုအမြင်တို့ကို ငယ်စဉ်ကပင် ကျွန်တော်သည် အဖေ့ကို အားကျခဲ့သည်။ အဖေသည် မိမိတို့၏ သူရဲကောင်းပင်။

တရုတ်ပြည်၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိမ်နီးချင်းနိုင်ငံအချို့ကို မိမိခရီး

သွားရောက်ခဲ့ရဖူးသည်။ အသက် ၄၀ မှ ၅၀နှစ်အတွင်း (၇)ခေါက်ရှိခဲ့ပြီ။ ပြန်ရောက်တိုင်း အစီရင်

ခံစာတင် ရပါသည်။ သက်ဆိုင်ရာသို့ တိုတိုကျဉ်းကျဉ်း အစီရင်ခံရုံမျှသာမက စာဖတ်သူများအား ပိုမိုကျယ်ဝန်းသော ရှုထောင့်အမြင်ဖြင့် ရေးသားတင်ပြရဦးမည်ဟု ရည်ရွယ်သည်။ စာရေးမည်ဟူသောရည်ရွယ်ချက်ထားကာခရီးသွားစဉ်ကပင်မေးမြန်းစုဆောင်းမှတ်သ သို့သော်မလေးရှားသို့ဦးစီးတက္ကသိုလ် တစ်နှစ်ခန့်ပညာသင်သွားခဲ့သော ခရီးအကြောင်းဆောင်းပါးကို သုံးလေးပုဒ်မျှနှင့် ရပ်သွားခဲ့၏ ။ ထိုင်းနိုင်ငံသို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပူးပေါင်းဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲ

ငါးရက်သွားရောက်တက်ခဲ့ရစဉ်က ခရီးကို ရေးသားထားသော်လည်း
အခြေအနေအရ ဘယ်ဂျာနယ် ဘယ်မဂ္ဂဇင်းကိုမှ မပို့ဖြစ်ခဲ့။ တတိယ အခေါက်
တရုတ်ပြည်စာပေခရီးကိုမူ စာအုပ်သီးခြား ရေးသားထုတ်ဝေခဲ့၏ ။
"စာပေခရီးသည်" ဟု။

ခရီးသွားသူတိုင်းလည်း ရေးမှတ်သည်မဟုတ်၊ ရေးမှတ်သည်ဖြစ်စေဦး စာရေးသူတိုင်းက စာအုပ် တစ်စောင်တစ်ဖွဲ့အဖြစ် ရေးသားတင်ဖြစ်သည်မဟုတ်။ တစ်ထောင်တစ်ယောက်ထွက်ပေါ်ခဲပါ၏ ။

ဖေဖော်ဝါရီ ၂၇ရက်နေ့ မြန်မာပြည်မှ ထွက်ခွာ၍ မတ်လ ၁ရက်မှ ၂ရက်၊ ဂျပန်ပြည်မှာ အစည်းအဝေး ဆွေးနွေးပွဲတက်ကာ မတ်လ ၃ရက် တိုကျိုမြို့ကို လျှောက်လည်ကြည့်ပြီး၊ မတ်လ ၄ရက် တိုကျိုမှ ရန်ကုန်သို့ လေကြောင်းခရီးပြန်ရောက်ခဲ့သည့်အကြောင်းကို ရေးသားတင်ပြပါဦးမည်။ အချိန်ကာလ တိုတောင်းလှသဖြင့် နှမ်းတစ်စေ့လောက် တိုကျိုတစ်ခေါက်ဟု ပြောနိုင်ပါသည်။ မုံညင်းစေ့လောက် ဂျပန်တစ်ခေါက်ဟု ပြောနိုင်ပါသည်။ တွေ့မြင်ရသော အချက်များထက် အတွေးအမြင်များလည်း တင်ပြရန် ရည်ရွယ်ပါသည်။

ဤစာအုပ်တွင်ကား ပြည်တွင်းမှာ သွားလာခဲ့သော ခရီးအချို့၏ အတွေ့အကြုံများနှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့သို့ မိမိ(ဖေဖော်ဝါရီ ၂၈မှ မတ်လ ၄ရက်အထိ) ၅ရက်ခရီး မထွက်ခွာမီ ကြိုတင်ပြင်ဆင်နေစဉ် လေ့လာရေးသားခဲ့သော ဆောင်းပါးအခန်းတို့ကို ထည့်သွင်းဖော်ပြအပ်ပါသည်။ ရွာအပြန်ခရီးနှင့် ဂျပန်မသွားရသေးမီ မှတ်တမ်းဟု ဆိုနိုင်ပါသည်။ စာဖတ်သူများကို စာရေးသူနှင့်အတူ လိုက်ပါလေ့လာရ သကဲ့သို့ ခံစားထိတွေ့စေပါမည်။ ဤစာအုပ်ကို ဖတ်ရှုအားပေးခြင်းအတွက် လေးစားစွာ ကျေးဇူးတင် ပါကြောင်း ဖော်ပြပါရစေ။

**စာဖတ်သူများအား**

လေးစားချစ်ခင်လျက်

ချစ်နိုင်(စိတ်ပညာ)

၁-၄-၂၀၀၆

နေပြည်တော်မြို့တော်၊ (အထူးဖွံ့ဖြိုးရေးဇုန်)

*

# (၁)

## အခက်အခဲနှင့်အောင်ပွဲ

နိဒါန်း

ကျွန်ုပ်တို့သည် အခက်အခဲနှင့်တွေ့သောအခါ နောက်တွန့်သွားတတ်ကြသည်။ အခက်အခဲနှင့် ရင်ဆိုင်ရသော အခြေအနေတွင် စိတ်ပျက်သွားမိတတ်ကြ၏ ။ အကယ်၍ သာ ကျွန်ုပ်တို့မှာ ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ရေရှည်မြော်မြင်ထားသော ခံယူချက် တစ်စုံတစ်ရာ ရှိထားခဲ့ပါလျှင် အမှန်တကယ်တွင် မည်မျှပင်ကြီးမားလှသည့် အခက်အခဲမျိုးဖြစ်စေ အောင်မြင်စွာ ကျော်နင်းနိုင်ကြောင်း တွေ့ရှိလာရပေလိမ့် မည်။

ဆုံးဖြတ်ခြင်း

စိတ်ပြဌာန်းဆုံးဖြတ်ခြင်း DECISION သည် မိမိအလိုရှိရာမှလွဲ၍ အခြားအရာအားလုံးနှင့် လုံး၀ ဖြတ်တောက် ပစ်လိုက်သည့် သဘောပင်ဖြစ်လေသည်။ ဆုံးဖြတ်ချက် ပြဌာန်းမှု၏ အင်္ဂလိပ်ဘာသာ စကားလုံး DECISION ဆိုသည်မှာ လက်တင်ဝေါဟာရ Deနှင့် Caedere ဟူသော စကားနှစ်လုံးကို ပေါင်းစပ်ထားခြင်းမှ ပြောင်းလဲဆင်းသက်လာခြင်း ဖြစ်သည်ဟု လေ့လာမှတ်သားရဖူးသည်။ Deမှာ From မှ ဟု အဓိပ္ပါယ်ရပြီး Caedere က To Cut ဖြတ်တောက်ခြင်းဟု ဆိုလိုသည်။ မိမိဖြစ်ချင်သော အလိုရှိသောအရာအတွက် စိတ်ဆန္ဒကိုပြတ်ပြတ်သားသား ဆုံးဖြတ်ပြဌာန်းလိုက်ပြီဆိုသည်နှင့် သင်သည်

အခြားဖြစ် နိုင်ခြေ အလားအလာအားလုံးမှ ဖြတ်တောက်ပစ်လိုက်ခြင်း သဘောပင် ဖြစ်လေသည်။

ယခုမျက်မှောက်အချိန်ကာလတွင် သင်သည် ဘာပဲဖြစ်နေနေ၊ အတိတ်တစ်ချန်က သင်ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ယင်းတို့က သင်ဖြစ်လိုသော အနာဂတ်ဘဝ အနေအထား အဆင့်အတန်းတို့ကို ပုံသွင်းပေးလိမ့် မည်မဟုတ်။ သင်ဘာကိုသေသေချာချာ အာရုံစူးစိုက်သလဲ။ ဘာတွေကို အလေးထားမလဲ။ ဘာတွေကို လုပ်မည်ဟု ရွေးချယ်ဆုံးဖြတ်ထားချက်များကသာလျှင် သင်၏ အနာဂတ်ကံကို ဖန်းတီးကြလိမ့်မည်ဖြစ်ချေသည်။ " ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်သည်နှင့် သင်၏ ဘဝကံလမ်းကြောင်းသည် ပုံသွန်းလောင်းပြီး ဖြစ်သွားစေသည်။ " ဟု အန်သော်နီရော်ဘင်(စ်)ဆိုသူက ရေးသားခဲ့လေသည်။

အောင်ပွဲဆီသို့ ချီတက်ရာတွင် ကျွန်ုပ်တို့သည် အခက်အခဲ အကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်း ကျော်နင်းရမည်ဆိုသော အချက်ကိုတော့ မလွဲမသွေ နားလည်ထားရပေလိမ့်မည်။ ရေရှည် စိတ်ချမ်းသာမှုအတွက် လက်တလော ရေသာခို အချောင်လိုက်၍ မြော်နေခြင်း၊ တွန့်ဆုတ် တွေဝေခြင်းတို့ကို ဖယ်ရှားရှင်းလင်းနိုင်ရမည်။

ကျွန်ုပ်တို့အတုယူအားကျစရာကောင်းသောလူတစ်ယောက်

၏ ခရီးလမ်းကို အကျည်းချုပ် နမူနာ လေ့လာကြည့်ကြရအောင်-

ဟွန်ဒါဆိုသူ

မစ္စတာဆိုအိချိုယို ဟွန်ဒါ Mr.Soichiro Honda အမည်ရှိ လူငယ်တစ်ဦးသည် သူ့မှာရှိသမျှပစ္စည်း လေးများကို ထုခွဲရောင်းချပြီး အရင်းအနှီးပြုလုပ်ကာ အလုပ်ရုံလေးတစ်ခုထူထောင်လိုက်သည်။ သူစိတ်ကူး ကြံဆထားသော မော်တော်ကားပစ္စတင်းကွင်း Piston Ring တစ်မျိုးကို

စမ်းသပ်တီထွင် ထုတ်လုပ်ရန် ဖြစ်သည်။ သူသည်နေ့မနား ညမအိပ်ကြိုးစာပမ်းစား စမ်းသပ် အလုပ်လုပ်ခဲ့သည်။ ပစ္စတင်ကွင်းလေးတစ်ခု သူပြုလုပ်နိုင်ခဲ့သည်။ ဂျပန်ပြည်မှာ ရှိသော တိုယိုတာမော်တော်ကား ကုမ္ပဏီကြီးသို့ ရောင်းချပေးသွင်းရန် သွားရောက်ပြသသည်။

၁။လက်မခံ၊ ငြင်းပယ်ခြင်းကို ကြုံရသည်။

တိုယိုတာက သူတို့သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် မကိုက်ညီဘူးဆိုပြီး ပယ်ချလိုက်ကြသည်။ သို့သော် ဟွန်ဒါသည် စိတ်မပျက်ပါ။ မကောင်းသေးလျှင် ကောင်းအောင်ပြုပြင်မည်။ လက်မခံသေးလျှင် လက်ခံလာအောင် ကြိုးစားမည်။ သူသည် လက်မလျှော့။ ဆက်လက်ကြိုးပမ်းစမ်းသပ်သည်။

၂။ပတ်ဝန်းကျင်က လှောင်ပြောင်ကြသည်။

နည်းပြဆရာများ၊ ကျောင်းနေဘက်သူငယ်ချင်းများက သူ၏ လုပ်ဆောင်ချက်ကို ရည်သွမ်းသွေးကြသည်။ ရှုတ်ချကြသည်။ သရော်ကြသည်။ အရပ်သာအနေဖြင့် အလုပ်လုပ်ရတာ ထက် ကျောင်းတက်ပြီး ပညာဆည်းပူးရင်း စမ်းသပ်တီထွင်ကြည့်သည်။ ပတ်ဝန်းကျင်က သူ့ကို မည်သူမှ အထင်မကြီးပေ။ ဟွန်ဒါ နောက်မဆုတ်ပါ။ ရည်မှန်းချက်ကိုသာ မဆုတ်မနစ်အာရုံစူးစိုက် ကြိုးပမ်းသည်။

နှစ်နှစ်ကျော်ကြာလာသောအခါ သူ၏ ပစ္စတင်ကွင်းအသစ် နမူနာတစ်မျိုးကို တိုယိုတာကားကုမ္ပဏီ က လက်ခံပြီး ကန်ထရိုက်စာချုပ် ချုပ်ဆိုပြီး အပ်နှံလာ၏ ။ ဟွန်ဒါက စက်ရုံတည်ဆောက်၍ ပစ္စည်းတွေ ထုတ်လုပ်နိုင်တော့မည်။

၃။ဘိလပ်မြေ မရနိုင်ခြင်းပြဿနာကြုံရသည်။

ထိုအချိန်က ဂျပန်အစိုးရသည် ဒုတိယကမ္ဘာစစ်အတွင်းကာလဖြစ်သဖြင့် စစ်ရေးကိုသာ အဓိက အာရုံစိုက်နေရသည်။ ပုဂ္ဂလိက စက်ရုံတို့အတွက်

ဘိလပ်မြေမရောင်းတော့ဘဲ ပိတ်လိုက်သည်နှင့် ဟွန်ဒါ ကြုံရသည်။ ဘိလပ်မြေမရှိဘဲ စက်ရုံကို ဘာနှင့်တည်ဆောက်မလဲ။ ဘိလပ်မြေ မရသဖြင့် ရှေ့ဆက်လုပ်၍ မရ။

ဒါမတရားဘူးဟု မကျေမနပ်ဖြစ်မနေပါ။

မဖြစ်နိုင်တော့ဘူးဟု လက်မြှောက်အရှုံးမပေးပါ။ ဟွန်ဒါသည် ဤအခက်အခဲကို အခြားနည်းလမ်းဖြင့် ဖြေရှင်းဖြတ်သန်းရန် နည်းလမ်းရှာဖွေလေသည်။ တွေ့ပါသည်။

လိုလျှင်ကြံဆနည်းလမ်းရဟူသော စကားပုံအတိုင်း ဟွန်ဒါအဖို့ မိမိကိုယ်ပိုင် အကြံအစည်ဖြင့် ဘိလပ်မြေကို ထုတ်လုပ်သည်။ ဝယ်လို့မရနိုင်မှတော့ ကိုယ့်ဖာသာကိုယ် ဘိလပ်မြေကို ဖော်စပ်ထုတ်လုပ်ပြီး စက်ရုံတည်ရပေတော့မည်။ ကြိုးစားသည်။ အောင်မြင်ခဲ့သည်။ စက်ရုံတည်နိုင်သည်။

၄။စက်ရုံဗုံးကြဲခံရ၍ နှစ်ကြိမ်ပျက်စီးရ၏ ။

စစ်အတွင်း ကာလဖြစ်လာသည်။ အမေရိကန် ရန်သူက ဂျပန်ပြည်ကို လေကြောင်းမှ အပြင်းအထန် တိုက်ခိုက်သည်။ လူနေအိမ်များ၊ စက်ရုံများ၊ လမ်း၊ တံတားများ ကိုပါ ဗုံးကျဲခဲ့သည်။ ဟွန်ဒါ၏ စက်ရုံသည် လည်း ဗုံးဒဏ်ခံရပြီး နှစ်ကြိမ်တိုင်တိုင် ပျက်စီးသည်။ စက်ရုံမည်မျှပင် ပျက်စီးသော်လည်း ဟွန်ဒါ၏ စိတ်ကိုမူ မဖျက်ဆီးနိုင်ပေ။ ပြာပုံထဲက စက်ရုံကို နှစ်ကြိမ်ပြန်ထူထောင်ခဲ့သည်။

၅။အမေရိကန်ဓာတ်ဆီ ပုံးခွန်တွေကောက်ပြီးသုံးရ၏ ။

စစ်အတွင်းမှာ ပစ္စည်းကိရိယာက ရှားပါးပြတ်လပ်လှသည်။ အခက်အခဲကြီးမားသည်။ ဟွန်ဒါကား စိတ်မညစ်တတ်ပေ။ အမေရိကန် လေယာဉ်တွေပေါ်မှ စွန့်ပစ်ခဲ့သော ဓာတ်ဆီပုံးခွန် အလွတ်များကို ကောက်ယူပြီး စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းအချို့အဖြစ် ဖန်တီးပစ်လိုက်သည်။ အမေရိကန် သမ္မတထံမှရသော မေတ္တာလက်ဆောင်ဟုခေါ်ဝေါ်ပြီး

ပျော်ရွှင်ကြရသည်။ ရန်သူကိုတောင် လှောင်ပြောင် လိုက်သေးသည်။ လက်နက်ချအညံ့ခံရန်ကား ဝေးလေစွ။

၆။ငလျင်ဒဏ်ကြောင့် စက်ရုံတစ်ခုလုံးပြိုလဲရ၏ ။

စစ်အတွင်းက ဗုံးဒဏ်ကို ကြံ့ကြံ့ခံ အံတုပြီး ထုတ်လုပ်ခဲ့သော ဟွန်ဒါကုမ္ပဏီစက်ရုံလေးသည် ဂျပန်ပြည် ငလျင်ကြီးတစ်ခုတွင် စက်ရုံတစ်ခုလုံး မြေပေါ်တွင် ပြားပြားဝပ်သွားအောင် ပျက်စီးဆုံးရှုံးလိုက်ရ ပြန်ပါသည်။ သဘာဝဘေး အန္တရာယ်ကို မကာကွယ်နိုင်ခဲ့ချေ။ ထိုအခါ ဟွန်ဒါသည် ပစ္စတင်ကွင်းထုတ် လုပ်မှုလုပ်ငန်းတစ်ခုလုံးအား တိုယိုတာသို့ အပြီးအပြတ်လွှဲပြောင်းရောင်းချပြီး အခြားနည်းလမ်းရှာ၍ သူကြိုးစားမည် ဆုံးဖြတ်လိုက်တော့သည်။ ယာဉ်နှင့်ဆိုင်သော စက်မှုပညာ အတွေ့အကြုံ အရင်းအနှီး သူ့မှာ အများကြီး ရှိထားပြီး။ ဤစုဆောင်းခဲ့သော အရင်းအနှီးဖြင့် ဆက်လက်ပြီး တိုးတက်ကြီးပွားအောင် ကြံစည်မည်။

၇။ဂျပန်ပြည်ဓာတ်ဆီပြတ်လပ်ရှားပါးမှုကြီးကြုံရ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပါပြီ။ စစ်ရှုံးနိုင်ငံဂျပန်သည် အရှုံး၏ ဒဏ်ရာဒဏ်ချက်များဖြင့် လဲကျလျက်ရှိသည်။ လူတွေစိတ်ဓာတ် ကျဆင်းသွားကြရသည်။ ဟွန်ဒါကား အပျက်အစီးများကြားမှ သူ့စိတ်ဓာတ်ကို ဆွဲထူပြီး ရုန်းထသည်။ ဓာတ်ဆီပြတ်လပ်မှုကြီး ကြုံတွေ့နေရသဖြင့် ကားတွေသုံး၍ မရ။ ဟွန်ဒါတို့မိသားစု ရိက္ခာဝေသော နေရာသို့ သွားသည်ကိုပင် ကားရှိပါလျက် စက်ဘီးသို့မဟုတ် ခြေကျင် သွားယူရသည်။ ဒုက္ခတွေ့ကြရသည်။ အိမ်နီးချင်းတွေက စက်ဘီးကို မော်တာနှင့် တပ်ဆင်ခုတ်မောင်းပေးဖို့ ဟွန်ဒါကို တိုက်တွန်းအကြံပေးကြသည်။ ဂျပန်နိုင်ငံရှိ စက်ဘီးဆိုင် ၂၈ဝဝဝထံမှ ကြိုတင်ငွေတောင်းခံရယူပြီး ပေါ့ပေါ့ပါးပါးနှင့် ဆီစား အလွန်တရာသက်သာသော Super Cab ဆူပါကပ် မော်တော်ဆိုင်ကယ်လေးများ ကို ဟွန်ဒါကစတင်တီထွင်ထုတ်လုပ်သည်။ စစ်ကြီးမတိုင်မီက

မော်တော်ဆိုင်ကယ်ကြီးများနှင့်မတူ။ တစ်မူကွဲသည်။ ၁၉၇၀ပြည့်နှစ်အလွန်သို့ ရောက်လာသောအခါ ဟွန်ဒါဆူပါကပ်သည် ဂျပန်သာမက အာရှနှင့်ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့အောင်မြင်သွားခဲ့လေပြီ။ ဟွန်ဒါမော်တော်ကားလည်း နာမည်ကျော်နေပြီ။ဥရောပနှင့် အမေရိကတိုင်အောင် ဟွန်ဒါကား၊ ဟွန်ဒါဆိုင်ကယ်များ ရေပန်းစားလှသည်။ ဟွန်ဒါသည် စက်မှုလုပ်ငန်းရှင် သန်းကြွယ်သူဌေးကြီးဖြစ်လေပြီ။

အောင်မြင်မှု

အောင်မြင်လိုသူသည် ရေတိုအခက်အခဲကြောင့် ညည်းညူ စိတ်ပျက်မနေဘဲ ရေရှည်တွင် ဖြစ်ပေါ်လာမည့် ကောင်းကျိုးရလဒ်တို့ကို မြော်မြင်သိမြင်နိုင်ရမည်။ ရေတိုသာယာမှုနှင့် အပျော်အပါးတို့ကို ရှောင်ကျဉ်နိုင်ရမည်။ ခြိုးခြံချွေတာရမည်။ လတ်တလော အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ ရေတိုမှာ သာယာမှုရှာချင်သူများသည် ကြီးမားသော အောင်မြင်မှုမျိုး မရနိုင်ပေ။ အစားအသောက် အပျော အပါးကျူးသူ။ အရက်သေစာနှင့် ဆေးလိပ်စွဲသူတို့သည် လတ်တလော သက်သာရာရှာမှုမမြင်မှ ပေါ်ထွက် လာကြခြင်းဖြစ်ပေသည်။

တောရွာကကျောင်းဆရာ

အခက်အခဲဆိုသည်မှာ နေရာတကာတွင်ရှိစမြဲပင်ဖြစ်သည်။ ဝင်ငွေလစာနှင့် သုံးစရာကုန်ကျရမည့် ထွက်ငွေက မလောက်ငသောအခါ အလုပ်ကို ပိုမိုကြိုးစားပြီး တိုး၍ ရှာဖွေရလေသည်။ မြင်းခြံခရိုင်၊ ငါးဇွန်မြို့နယ်ရှိ ကျေးရွာတစ်ရွာမှ အစိုးရအလယ်တန်းကျောင်း၊ ကျောင်းဆရာတစ်ဦးသည် အသက်နှစ် ဆယ်ကျော် ဘွဲ့ရစကာလမှစပြီး အလုပ်လုပ်ခဲ့သည်။

သူ၏ အမည်မှာ ဦးမြသောင်းဖြစ်သည်။

အနှစ်နှစ်ဆယ်ကာလအတွင်း သမီးချည်း ၆ယောက် မွေးဖွားခဲ့သည်။

သမီးတွေကိုပညာ

တတ်အောင် သက်စေချင်သည်။ သမီးတစ်ယောက်မွေးလာတိုင်း အလုပ်တစ်မျိုးထပ်ကာ တိုးလုပ်ပြီး ဝင်ငွေ တိုးပွားအောင် ကြိုးစားသည်။ ယခုအခါ သမီးခြောက်ယောက်စလုံးကို တက္ကသိုလ်မှ ဘွဲ့တစ်ခုစီရအောင် ထောက်ပံ့ပြုစုပျိုးထောင်နိုင်ခဲ့သည်။ မူလထမ ကျောင်းဆရာအလုပ်အပြင် (၁)ယာ ၁၇ဧကကို တောင်သူ လုပ်ခြင်း၊ (၂)လျှပ်စစ်ဘက်ထရီအားသွင်းလုပ်ငန်း၊ (၃)ဆီကြိတ်ဆုံလုပ်ငန်း၊ (၄)အိမ်ဈေးဆိုင်၊ (၅)ရေတွင်း တူးဖော်ခြင်း၊ (၆)နို့ဆီချက်လုပ်ငန်းဟူသော အလုပ်ခြောက်မျိုးကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ပြီး သမီးများ၏ တက္ကသိုလ်ပညာရေးကို ထောက်ပံ့ပေးနိုင်ခဲ့လေသည်။ လိုလျှင်ကြံဆ၊ နည်းလမ်းရ၏ ။ စိတ်ဆန္ဒ ထက်သန်ပြင်းပြဖို့သာ အရေးကြီးပါ၏ ။

နိဂုံး

အခက်အခဲနှင့် အောင်ပွဲသည် ဒင်္ဂါးပြားတစ်စေ့၏ ခေါင်းနှင့်ပန်း ပဲဖြစ်ပါသည်။ ပြဿနာ အကျပ် အတည်း အခက်အခဲကို မကျော်လွန်ဘဲ အောင်ပွဲမရ။ အခက်ခဲတို့ကို အရင်းတည်ပြီးမှ ကြီးကျယ်သော အောင်မြင်မှုကို ရရှိစမြဲ ဖြစ်ပေသည်။ တိုက်ပွဲမရှိလျှင် အောင်ပွဲမရှိနိုင်။ အခက်ခဲမရှိလျှင် အောင်မြင်မှုမရှိနိုင်။ အခက်ခဲကို ရင်မဆိုင်ချင်ပါဘူးဟု ဝေ့လယ်ကြောင်ပတ် ရှောင်ချင်သူသည် အောင်ပွဲကို မရနိုင်ပေ။ အောင်မြင်မှုတစ်ခုခုကို တကယ်ရယူချင်ပါက အခက်အခဲကို ရဲရဲရင့်ရင့် ဖြေရှင်းဖြတ်ကျော်ခြင်းသာလျှင် တစ်ခုတည်းသောနိယာမဖြစ်ပေတော့သည်။

**ပို့ဆောင်ရေးမဂ္ဂဇင်း**

**၂၀၀၆ခုနှစ်၊ မတ်လ**

*

(၂)

## ကျောက်ဆောင်သည့် မုန်တိုင်းကိုမမှု

၂၀၀၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက်နေ့တွင် အာရှတိုက်ရှိ နိုင်ငံပေါင်း ၂၂နိုင်ငံမှ ယဉ်ကျေးမှုဝန်ကြီး များသည် တရုတ်ပြည်၊ ကန်တုန်ပြည်နယ်၊ ဖိုရှန်မြို့၌ မိမိတို့အမျိုးသားယဉ်ကျေးမှု အစဉ်အလာများကို တန်ဖိုးထား ထိန်းသိမ်းရေးနှင့် အနောက်တိုင်းယဉ်ကျေးမှု၏ လွန်ကဲစွာ လွှမ်းမိုးထိုးဖောက်မှုများအား သတိထားကာကွယ်ကြရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကာ ထုတ်ပြန်ကြေငြာခဲ့လေသည်။ မြန်မာ အပါအဝင် အာရှနိုင်ငံများသည် ရှေးနှစ်ပေါင်းများစွာကပင် အစဉ်အလာကြီးမားသော ယဉ်ကျေးမှု အမွေ အနှစ်တို့ကို အသီးသီး ပိုင်ဆိုင်ခဲ့ကြပေသည်။ အတွေးအခေါ် အသိအမြင်၊ ဝတ်စားဆင်ယင်မှု၊ ဆက်ဆံရေး ဓလေ့ထုံးစံစသည်တို့တွင် ဂုဏ်ယူဖွယ်ကောင်းစွာ ခိုင်မာမြင့်မားခဲ့ကြသည် မဟုတ်ပါလား။

ဆယ့်ရှစ်ရာစု ကာလတွင် အနောက်နိုင်ငံများသည် အာရှတိုက်သို့ ရေကြောင်းလမ်းမှ ကူးသန်းရောင်းဝယ်ရန် ရောက်ရှိလာကြသည်။ ကုန်သွယ်ကြသည်။ ဆယ့်ကိုးရာစု ရောက်သောအခါ ယင်းတို့၏ သာသနာပြုများက ဘာသာရေးဝါဒဖြန့်ဖြူးခြင်းပြုသကဲ့သို့ စစ်အင်အားအသုံးပြုလျက် နယ်ချဲ့တိုက်ခိုက် သိမ်းပိုက်ခြင်းများကိုလည်း ပြုလေသည်။ စက်မှုထွန်းကားသော ဥရောပနိုင်ငံများက ကုန်ထုတ်ဆက်ဆံရေး ခေတ်နောက်ကျသော အာရှနိုင်ငံများကို ကျူးကျော်သိမ်းပိုက် အုပ်ချုပ်လိုက်ကြသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဒပ်ချ်၊ ပေါ်တူဂီ၊ စပိန် စသည်တို့က

အန္ဒိယ၊ မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ် (ဟောင်ကောင်/မကာအို) စသည်တို့ကို အစိတ်စိတ်အပိုင်းပိုင်း လုယက်တိုက်ခိုက်ကာ နယ်ချဲ့သိမ်းပိုက် အုပ်ချုပ်ခဲ့ကြသည်။ နှစ်ဆယ်ရာစုသို့ရောက်သောအခါ မျိုးချစ်စိတ်နှင့် အမျိုးသားရေး စိတ်ဓာတ်ပြန်လည် နိုးကြားလာကြသော အာရှနိုင်ငံပြည်သူများက အနောက်တိုင်းနယ်ချဲ့ကျူးကျော် သူများအား တွန်းလှန်ဖယ်ရှားကာ လွတ်လပ်ရေး ရယူနိုင်ခဲ့ကြပါသည်။

နှစ်ပေါင်း ၅၀-၆၀ ကြာမြင့်လာသော ယနေ့ကာလ၌ မူ အနောက်နိုင်ငံများသည် အင်အားကြီးမားပြီး အတတ်ပညာ အဆင့်မြင့်သော မီဒီယာ နည်းနာအားလုံးကို အသုံးချလျက် ယဉ်ကျေးမှုလွှမ်းမိုးရေး ထိုးစစ်ကြီး ဆင်နွှဲနေကြပြန်ချေပြီ။ အနောက်တိုင်းဂီတမှ ကောင်းသည် မှတ်အောင်၊ အနောက်တိုင်း ယဉ်ကျေးမှုကမှ အတုယူစရာ ဖြစ်သည်ထင်အောင်၊ အနောက်တိုင်း အယူအဆဝါဒတွေကမှ အဆင့်မြင့် သည် ခံယူအောင် နေ့စဉ်နှင့်အမျှ ဝါဒဖြန့်ထိုးနှက်နေလေသည်။ မျိုးဆက်သစ်လူငယ် လူရွယ်များအတွက်၊ အထင်လွဲမှား နားယောင်ချင်စရာ ဖြစ်ပါ၏ ။

သမိုင်းခေတ်ကာလ နှစ်ပေါင်းများစွာ၏ စမ်းသပ်ခြင်းကို ခံယူဖြတ်သန်းခဲ့ပြီးသော အောက်ပါလူမှု ဆက်ဆံရေးတန်ဖိုးများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင်လက်ရှိထောက်ခံအသိအမှတ် ပြုထားသည်နှင့်အညီ မိမိတို့ကလည်း တန်ဖိုးထားတတ်ကြရပေမည်-

၁။ လွတ်လပ်ခြင်း

၂။ ပျော်ရွှင်ခြင်း

၃။ ပူးပေါင်းဆောင်ရွက်ခြင်း

၄။ ရိုးသားဖြောင့်မတ်ခြင်း

၅။ မေတ္တာထားခြင်း

၆။ ရိုးရှင်းခြင်း

၇။ လေးစားတတ်ခြင်း

၈။ တာဝန်ယူတတ်ခြင်း

၉။ သည်းခံတတ်ခြင်း

၁၀။ စည်းလုံးခြင်း

၁၁။ ငြိမ်းချမ်းခြင်း

ယဉ်ကျေးမှု လွှမ်းမိုးနယ်ချဲ့နေသော အချို့နိုင်ငံကြီးများသည် နိုင်ငံအချို့အပေါ် လွှတ်လပ်မှုကို ထိပါးခြင်း၊ စွက်ဖက်ခြင်း၊ မစည်းလုံးအောင် ဖြိုခွဲသပ်လျှိုခြင်း၊ မငြိမ်းချမ်းအောင် လှုံ့ဆော်သွေးထိုးခြင်း စသည်တို့ကို မရိုးမသား လုပ်ဆောင်နေလျက် ရှိချေသည်။

စည်းလုံးခြင်း၊ ငြိမ်းချမ်းခြင်း၊ လွှတ်လပ်ခြင်း စသည်တို့ကို ကျွန်ုပ်တို့သည် မျိုးဆက်တစ်ခုမှ မျိုးဆက် တစ်ခုဆီသို့ လက်ဆင့်ကမ်း သယ်ဆောင်ရမည့် ယဉ်ကျေးမှုတန်ဖိုးများ ဖြစ်ကြသည်ဟု ခံယူသည်။ ရန်သူပမာ မည်မျှပင် လှည့်စားဖြားယောင်း ဖျက်ဆီးခံရစေကာမူ ကျွန်ုပ်တို့သည် ခိုင်မာ စွာ ကြံ့ကြံ့ခံနိုင်ကြောင်း သက်သေပြကြရပေလိမ့်မည်။ ကျော်ဆောင်တို့သည် အချိန်ကာလ တစ်ခု သာ မွှေနိုင်သော လေမုန်တိုင်းကိုမမှုပေ။ မုန်းတိုင်းလွန်သော လေပြေထဲတွင် ကျောက်ဆောင်သည် ခိုင်မြဲနေလိမ့်မည် မဟုတ်လော။

**ဒွိကျေးရွာဂျာနယ်**

**၁၇-၁၁-၂၀၀၅**

*